Message Six

# ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ယော၊၁း၁၊ ၃-၅၊ ၁၄၊ ၁၆-၁၈၊ ၂၉၊ ၃၂၊ ၄၂၊ ၅၁

**I. ယောဟန် ၁ သည် ယောဟန်ဧဝံဂေလိစာစောင်တစ်ခုလုံး၏ နိဒါန်းဖြစ်ပြီး၊ ဤနိဒါန်း၏ အဓိကအလေးပေးချက်မှာ ခရစ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော် - နက်နဲသော၊ မျက်မြင်မရသော ဘုရားသခင်၏ အနက်ဖွင့်ဆိုခြင်း၊ ရှင်းပြခြင်းနှင့် ထင်ရှားဖော်ပြခြင်း - ဖြစ်ခြင်း ဖြစ်သည် - အငယ်၊၁။**

A. ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ကြီးမြတ်သော ငါဖြစ်သောအရှင်၊ မိမိကိုယ်ကိုတည်ရှိနေသော၊ အမြဲတည်ရှိနေသာအရှင် ဖြစ်သည်။ ကိုယ်တော်သည် ထာဝရဖြစ်သောအရှင်၊ အစမရှိ အဆုံးမရှိသော အရှင် ဖြစ်သည် - ထွ၊၃း၁၄-၁၅။ ယော၊၈း၂၄၊ ၂၈၊ ၅၈။ ဟေဗြဲ၊၇း၃။

B. ယောဟန် ၁ သည် ခရစ်တော်ကို ရည်ညွှန်းပြီး၊ စကြဝဠာ၏ သမိုင်းကြောင်းရှိ အကြီးမားဆုံးဖြစ်ရပ်ငါးခု - ဖန်ဆင်းခြင်း၊ လူ့ဇာတိခံခြင်း၊ ရွေးနုတ်ခြင်း၊ ဘိသိက်ပေးခြင်းနှင့် တည်ဆောက်ခြင်း - တို့တွင် ထာဝရကာလနှင့် အချိန်၏တံတား အပိုင်းနှစ်ပိုင်းနှင့်အတူ ရည်ညွှန်းခြင်းဖြစ်သည် - ညွှန်း၊ ဆာ၊၉၀း၁-၂။ မိ၊၅း၃။

1. ယောဟန်စာစောင်တစ်ခုလုံး၏ ပဏာမစကားအဖြစ် ယောဟန် ၁ သည် ထာဝရအတိတ်ကာလ၌ နှုတ်ကပတ်တော်အဖြစ် "ခရီးသွားသော" သုံးပါးတစ်ပါးဘုရားသည် အဆုံးစွန်အနေဖြင့် ထာဝရအနာဂတ်ကာလတွင် ယေရုရှလင်မြို့သစ်ဖြစ်လာခဲ့ခြင်း သမိုင်းကြောင်း၏ အကျဉ်းချုပ်ဖော်ပြချက် ဖြစ်သည် - အငယ်၊၁၊ ၄-၅၊ ၅၁။

2. ယောဟန် ၁ က ထာဝရနှုတ်ကပတ်တော်အား ကိုယ်တော်၏ ဖန်ဆင်းခြင်းအလုပ်နှင့် အချိန်တံတားကို ဖြတ်ကျော်လျက် ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းကို ပြီးမြောက်စေခြင်းအတွက် အသွေးအသားဖြစ်လာခြင်းဟု ကိုယ်တော်၏ခရီးသွားခြင်း၌ ကြည်လင်ပြတ်သားသောနည်းလမ်းဖြင့် ပြသထားသည်။ ယင်းမှာ ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်းကို သယ်ဆောင်ခြင်းအတွက် ဘိသိက်ပေးသော၊ အသက်ပေးသော၊ ပုံသဏ္ဍာန်ပြောင်းလဲသော ဝိညာဉ်တော်ဖြစ်လာရန်ဖြစ်ကာ၊ အဆုံးစွန်အနေဖြင့် ဘုရားနှင့်လူ အပြန်အလှန် ကိန်းဝပ်ရာ အဆုံးစွန်သော ဗေသလဖြစ်သည့် ယေရုရှလင်မြို့သစ်ဖြစ်ရန် ကိုယ်တော်၏ အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းထင်ရှားခံရသော သတို့သမီးနှင့်အတူ အပြည့်အဝ ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းရှိလာမည် ဖြစ်သည်။

C. ဤစကြဝဠာဆိုင်ရာ၊ သမိုင်းကြောင်းဆိုင်ရာ ဖြစ်ရပ်ငါးခုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် (၁) ဖန်ဆင်းခြင်း၌ ဖန်ဆင်းရှင်၊ (၂) လူ့ဇာတိခံခြင်း၌ ကျွန်ုပ်တို့အလယ်တွင် တဲတော်အဖြစ် တည်နေတော်မူသော လူ၊ (၃) ရွေးနုတ်ခြင်း၌ သိုးသငယ်၊ (၄) ပုံသဏ္ဍာန်ပြောင်းလဲခြင်း၌ ဘိသိက်ပေးသော ဝိညာဉ်တော် နှင့် (၅) ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် မြေကြီးကို ကောင်းကင်သို့ ဆက်နွှယ်ပေးသော လှေကား စသည်တို့အဖြစ် ရှိနေပြီး၊ - မျက်မြင်မရသော ဘုရားသခင်ကို အနက်ဖွင့်ဆိုခြင်း၊ ရှင်းပြခြင်းနှင့် ထင်ရှားဖော်ပြခြင်း ဖြစ်သည် - ညွှန်း၊ အငယ်၊၁။ ၁၀း၃၅။ ဧ၊၆း၁၇။ ယော၊၆း၆၃။

**II. ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ကိုယ်တော်၏ဖန်ဆင်းခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - ၁း၃။**

A. "ကောင်းကင်များသည် ဘုရားသခင်၏ ဘုန်းတော်ကို ကြားပြော၍၊ / မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကို ကြွေးကြော်၏။ / တစ်နေ့ပြီး တစ်နေ့ မြွက်ဆို၍၊ / တစ်ညပြီးတစ်ည အသိပညာကို ကြားပြော၏။ / နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ။ / သူတို့နှုတ်ထွက်သံကို မကြားရ..." - ဆာ၊၁၉း၁-၃။

B. "အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ဘုရားဆိုင်ရာသွင်ပြင်လက္ခဏာတော် တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ဤလောကကို ဖန်ဆင်းချိန်မှစ၍ ရှင်းလင်းစွာ ထင်ရှားလျက် ရှိကြ၏။ ထို့ကြောင့် သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ" - ရော၊၁း၂၀။

C. တမန်တော် ၁၄း၁၅-၁၇ နှင့် ၁၇း၂၄-၂၉ တွင် ရည်ညွှန်းထားသည့်အရာသည် ခရစ်တော်၏ဖန်ဆင်းခြင်းက ဘုရားသခင်အတွက် စကားပြောခြင်းဖြစ်ကြောင်း ဖွင့်ပြခြင်း၏ တူညီသော အကြံအစည်ကို ဖော်ဆောင်ခြင်းဖြစ်သည် - ညွှန်း၊ ဟေဗြဲ၊ ၁၁း၃။ ၁း၂။ ကော၊၁း၁၅-၁၇။ ဟဂ္ဂဲ၊၂း၇။

## III. ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ဘုရားသခင်၏တဲတော်အဖြစ် ကိုယ်တော်၏လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - ယော၊၁း၁၄။

A. နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူခြင်းအားဖြင့် ဘုရားသခင်ကို လူသားဇာတိအထဲသို့ ဆောင်ယူလာရုံသာမက၊ မြေကြီးပေါ်မှာ လူများအလယ်တွင် ဘုရားသခင်၏ကိန်းဝပ်နေရာအဖြစ် ဘုရားသခင်အဖို့ တဲတော်လည်း ဖြစ်လာခဲ့ကာ၊ ကျေးဇူးတော်နှင့် စစ်မှန်ခြင်းဖြင့် ပြည့်ဝလျက်ရှိသည်။

1. ပညတ်တရားသည် ဘုရားသခင်ဖြစ်တော်မူသည့်အရာအတိုင်း လူအပေါ်မှာ တောင်းဆိုမှုကို ပြသည်။ ကျေးဇူးတော်သည် ဘုရားသခင်တောင်းဆိုသည့်အရာကို ဖြည့်ဆည်းရန် ဘုရားသခင်ဖြစ်တော်မူသည့်အရာဖြင့် လူကို မစပေးသည် - အငယ်၊၁၇။
2. "ထိုသူ၏ ပြည့်ဝပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ" - အငယ်၊၁၆။

B. အသွေးအသားဖြစ်လာတော်မူခြင်း၌ ကိုယ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်တော်ခြင်း ဖြစ်လာခဲ့ကာ၊ ဘုရားသခင်ကို လူထံသို့ ခေါ်ဆောင်လာပြီး၊ ဘုရားသခင်ကို ဆက်သွယ်ရနိုင်သော၊ ထိတွေ့နိုင်သော၊ လက်ခံရရှိနိုင်သော၊ တွေ့ကြုံခံစားနိုင်သော၊ ဝင်ရောက်နိုင်သော၊ မွေ့လျော်ဝမ်းမြောက်နိုင်သောသူ ဖြစ်စေသည်။

C. ကိုယ်တော်သည် ဘုရား-လူတစ်ဦးဖြစ်လာပြီး၊ ဘုရားဇာတိကို လူသားဇာတိအထဲသို့ ယူဆောင်လာ၍၊ ဘုရားဇာတိနှင့် လူသားဇာတိကို ရောနှောပေါင်းစည်းစေသည်။

D. ဘုရားသခင်၏တစ်ပါးတည်းသောသားတော် လူ့ဇာတိခံခြင်းသည် လူထံသို့ ဘုရားသခင်အား နှုတ်ကပတ်တော်၌၊ အသက်၌၊ အလင်း၌၊ ကျေးဇူးတော်၌၊ စစ်မှန်ခြင်း၌ ကြွေးကြော် (ရှင်းပြ) ရန်အတွက်လည်း ဖြစ်သည် - အငယ်၊၁၈။

1. နှုတ်ကပတ်တော်သည် ဘုရားသခင်ကို ထင်ရှားခြင်း၊ ရှင်းလင်းခြင်းနှင့် အနက်ဖွင့်ဆိုခြင်းဖြစ်သည်၊ သို့မှသာ လူသည် ဘုရားသခင်ကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
2. အသက်သည် ဘုရားသခင် ဝေငှဖြန့်ဖြူးခြင်းဖြစ်သည်၊ သို့မှသာ လူသည် ဘုရားသခင်ကို လက်ခံရရှိနိုင်မည်။
3. အလင်းသည် ဘုရားသခင် ထွန်းလင်းခြင်းဖြစ်သည်၊ သို့မှသာ လူသည် ဘုရားသခင်ကို ရယူပိုင်ဆိုင်ရန် အလင်းထွန်းလင်းခံရနိုင်မည်ဖြစ်သည်။
4. ကျေးဇူးတော်သည် ဘုရားသခင်ကို လူအားဖြင့် မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည်၊ သို့မှသာ လူသည် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို မျှဝေဆက်ဆံနိုင်မည်ဖြစ်သည်။
5. စစ်မှန်ခြင်းသည် ဘုရားသခင်ကို လူအားဖြင့် သိမှတ်နားလည်ရခြင်းဖြစ်သည်၊ သို့မှသာ လူသည် ဘုရားသခင်ကို သဘောပေါက်ခြင်းနှင့် သိကျွမ်းခြင်း ရှိနိုင်မည်ဖြစ်သည်။

## IV. ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ရွေးနုတ်ခြင်းအတွက် ဘုရားသခင်၏သိုးသငယ်ဖြစ်လာခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - အငယ်၊၂၉၊ ၃၆။

A. ပျောက်ဆုံးသောလောကကို ရွေးနုတ်ခြင်းအတွက် သိုးသငယ်ဖြစ်လာခြင်း၌ ခရစ်တော်က ဘုရားသခင်သည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းအတိုင်းဖြစ်သော ဖြစ်စဉ်အဖြစ် ကိုယ်တော်အသေခံတော်မူခြင်းမှတစ်ဆင့် တရားရေးဆိုင်ရာ၌ ကိုယ်တော်၏ရွေးနုတ်ခြင်းကို မည်သို့ပြီးမြောက်စေခဲ့ကြောင်း ကျွန်ုပ်တို့ထံ စကားပြောနေသည်။

B. ဘုရားသခင်၏သိုးသငယ်မှာ ဘုရားသခင်၏ ပြည့်စုံသော ရွေးနုတ်ခြင်းကို ပြီးမြောက်ရန် ဓမ္မဟောင်းပူဇော်သက္ကာများအားလုံး၏ ပြီးပြည့်စုံခြင်းအဖြစ် အသွေးအသား၌ရှိသော နှုတ်ကပတ်တော်ကို ရည်ညွှန်းသည် - ဟေဗြဲ၊၁၀း၅-၁၀။

1. ခရစ်တော်သည် အပြစ်ဖြေရာပူဇော်သက္ကာ၊ လွန်ကျူးရာပူဇော်သက္ကာ၊ မီးရှို့ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ သင့်တင့်ရာပူဇော်သက္ကာ၊ ချီလွှဲရာပူဇော်သက္ကာ၊ ချီမြှောက်ရာပူဇော်သက္ကာနှင့် သွန်းလောင်းရာပူဇော်သက္ကာတို့၏ စစ်မှန်ခြင်း ဖြစ်သည်။
2. ပူဇော်သက္ကာများအားလုံးအဖြစ် ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြည့်စုံသော ရွေးနုတ်ခြင်းကို ရရှိကြကာ၊ ဤရွေးနုတ်ခြင်းကို တွေ့ကြုံခံစား၍ မွေ့လျော်ဝမ်းမြောက်နိုင်ကြမည်ဖြစ်သည်။

**V. ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ဘုရားသခင်၏ရွေးနုတ်ခံလူများကို ကျောက်များအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲပြီး (ယော၊၁း၃၂-၄၂) ဓမ္မသစ်အတွက် အသက်ဆိုင်ရာဖြင့် ဘုရားသခင်၏အိမ်တော် (ဗေသလ - အငယ်၊၅၁) ကို တည်ဆောက်ခြင်းအတွက် ဘိသိက်ပေးသော ဝိညာဉ်တော်ဖြစ်လာခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောနေသည်။**

A. ကိုယ်တော်သည် ဘိသိက်ပေးသော၊ အသက်ပေးသော၊ ပုံသဏ္ဍာန်ပြောင်းလဲသော ဝိညာဉ်တော်ဖြစ်လာခြင်း၌ (၁ကော၊ ၁၅း၄၅)၊ ခရစ်တော်သည် ဘုရားသခင်က ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒအတိုင်း ဘုရားဆိုင်ရာ အကြံအစည်တော်အတွက် ဘုရားဆိုင်ရာအသက်အားဖြင့် ကိုယ်တော်၏စီမံကိန်းကို မည်သို့ အသက်ဆိုင်ရာ သယ်ဆောင်ခဲ့ကြောင်း ထပ်တိုး၍ ကျွန်ုပ်တို့ထံ ပြောထားသည်။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ဘိသိက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်ကို အစားထိုးခြင်းငှာ မည်သည့်အရာကိုမျှ အခွင့်မပေးဖို့ စောင့်ကြည့်သတိရှိရန် လိုအပ်သည် - ၁ယော၊၂း၂၀၊ ၂၇။

1. ခရစ်တော်သည် ဘိသိက်ပေးသောအရှင်နှင့် ဘိသိက်ပေးခြင်းလည်း ဖြစ်လာခဲ့သော ဘိသိက်ခံရသောအရှင်ဖြစ်သည်။ အန္တိခရစ်၏ မူအလေ့အလာ၌ အသက်ရှင်ခြင်းမှာ ဘိသိက်ပေးခြင်းကို ဆန့်ကျင်ခြင်း (အန္တိလုပ်ခြင်း) (*အန္တိ* ဟူသည်မှာ "ဆန့်ကျင်ခြင်း" နှင့် "သူ့နေရာအစား၊ အစားထိုးခြင်း"ဟု ဆိုလိုခြင်း) ဖြစ်သည် - အငယ်၊၁၈၊၂၂။ ၄း၃။ ၂ယော၊၇။
2. အန္တိ (ဆန့်ကျင်) ခရစ်တော် ဖြစ်ခြင်းမှာ ခရစ်တော်ကို ဆန့်ကျင်ခြင်းနှင့် ခရစ်တော်ကို အခြားတစ်စုံတစ်ရာဖြင့် အစားထိုးခြင်း နှစ်ခုလုံးဖြစ်သည်။
3. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အပြုအမူနှင့် အကျင့်စာရိတ္တမှ တစ်စုံတစ်ရာဖြင့် အစားထိုးမည်ဆိုလျှင် ကျွန်ုပ်တို့က ခရစ်တော်ကိုယ်တော်တိုင်ကို အစားထိုးရန် အရာတစ်ခုခုကို အခွင့်ပေးခြင်းမျိုး၌ အန္တိခရစ်၏ မူအလေ့အလာကို လက်တွေ့ယူဆောင်ခြင်း ဖြစ်သည် - ညွှန်း၊ ဖိ၊၁း၂၁။ ၄း၄-၉။
4. ကျွန်ုပ်တို့သည် အန္တိခရစ်၏ မူအလေ့အလာ၌ နေ့စဉ်အသက်ရှင်ခြင်း ရှိသောကြောင့် နောင်တရရန်၊ အတွင်းပိုင်းဘိသိက်ပေးခြင်းအဖြစ် ခရစ်တော်ကို အစားထားသည့် ရိုးရာယဉ်ကျေးမှု၊ ဘာသာတရား၊ ကိုယ်ကျင့်တရားနှင့် ဇာတိခံယူချက်များကို အခွင့်ပေးခြင်းကြောင့် နောင်တရရန် လိုအပ်သည်။ ဤသည်မှာ ဘိသိက်ပေးခြင်းကို ဆန့်ကျင့်ခြင်း၊ ကျွန်ုပ်တို့အတွင်းရှိ သုံးပါးတစ်ပါးဘုရား၏ လှုပ်ရှားခြင်း၊ လုပ်ဆောင်ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းကို ဆန့်ကျင် (အန္တိ) လုပ်ခြင်းဖြစ်သည်။
5. ကျွန်ုပ်တို့သည် "သခင်၊ ကျွန်ုပ်တို့သည် ဘိသိက်ပေးခြင်းအားဖြင့် - ကျွန်ုပ်တို့အတွင်း၌ သုံးပါးတစ်ပါးဘုရား၏ လှုပ်ရှားခြင်း၊ လုပ်ဆောင်ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းအားဖြင့်၊ ၎င်း၌၊ ၎င်းနှင့်အတူ ၎င်းမှတစ်ဆင့် အသက်ရှင်ခြင်း၊ လျှောက်လှမ်းခြင်း ရှိလိုပါသည်"ဟု ဆုတောင်းသင့်ပါသည်။

C. ဘိသိက်ပေးသော ဝိညာဉ်တော်ဖြစ်သည့် ချိုးငှက်သည် ဖန်ဆင်းခံရသောလူကို အသစ်မွေးဖွားပြီး၊ ဘိသိက်ပေးကာ၊ ဇာတိလူကို အသက်ရှင်သော ကျောက်များအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲ၍၊ ပုံသဏ္ဍာန်ပြောင်းလဲခံရသောလူကို ပေါင်းစည်းပေးသည်။

D. ပေတရု၏ပြောင်းလဲခြင်းအချိန်၌ သခင်ဘုရားက သူ့အား နာမည်အသစ် ပေတရု - ကျောက် (ယော၊၁း၄၂) ဟူ၍ အမည်ပေးခဲ့ပြီး၊ ပေတရုသည် ခရစ်တော်နှင့်စပ်လျဉ်း၍ ဖွင့်ပြခြင်းကို ရရှိသောအခါ သခင်ဘုရားက ကိုယ်တော်သည် ကျောက်ဆောင် - ကျောက် (မ၊၁၆း၁၆-၁၈) ဖြစ်ကြောင်း ထပ်တိုး ဖွင့်ပြခဲ့သည်။ ဤဖြစ်ရပ်နှစ်ခုအားဖြင့် ပေတရုသည် ခရစ်တော်နှင့် ကိုယ်

တော်၏ယုံကြည်သူများမှာ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကျောက်များဖြစ်ကြောင်း စွဲမှတ်ခြင်းရှိခဲ့လေသည် (၁ပေ၊၂း၄-၈)။

**VI. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် ကောင်းကင် (ဘုရားသခင်) အား မြေကြီး (လူ) ထံသို့ ယူဆောင်လာ၍၊ မြေကြီး (လူ) ကို ကောင်းကင် (ဘုရားသခင်) ထံသို့ ပေါင်းစည်းဆက်နွှယ်ကာ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် တစ်လုံးတစ်ဝဖြစ်စေသော လှေကားဖြစ်လာခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောနေသည် - ယော၊၁း၅၁။ က၊ ၂၈း၁၁-၂၂။**

A. ခရစ်တော်သည် ဗေသလ၌ ကောင်းကင်ဆိုင်ရာလှေကားဖြစ်ခြင်း၌ ကျွန်ုပ်တို့ထံ ဘုရားသခင်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ရွေးနုတ်ခံနှင့် ပုံသဏ္ဌာန်ပြောင်းလဲခံသော ရွေးချယ်ခံများဖြင့် စေ့စပ်ထုံးဖွဲ့သော အိမ်ကို ရရှိရန် မည်မျှအလိုရှိခဲ့ကြောင်း၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာ၍၊ မြေကြီးကို ကောင်းကင်သို့ ပေါင်းစည်းဆက်နွှယ်ကာ၊ ထာဝရကာလပတ်လုံး နှစ်ခုကို တစ်ခုတည်းဖြစ်စေလိုကြောင်း ပြောပြနေသည်။

B. ယာကုပ်၏အိပ်မက်သည် ခရစ်တော်၏ဖွင့်ပြခြင်းဖြစ်သည်၊ အကြောင်းမှာ ခရစ်တော်သည် ဗေသလတည်းဟူသော ဘုရားသခင်၏အိမ်တော်၌ ယာကုပ်မြင်ခဲ့သည့် လှေကား၏ စစ်မှန်ခြင်းဖြစ်သောကြောင့် ဖြစ်သည် - အငယ်၊၁၂။ ယော၊၁း၅၁။

1. ယနေ့ ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သော ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော ဝိညာဉ်သည် (ဧ၊၂း၂၂) မြေကြီးပေါ်မှာ ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော် တည်ထောင်ထားရာနေရာ အခြေဖြစ်သည် (၂တိ၊၄း၂၂)။

2. ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သော၊ ကောင်းကင်တံခါးဝဖြစ်သော ဗေသလတွင် ခရစ်တော်သည် မြေကြီးကို ကောင်းကင်သို့ ပေါင်းစည်းဆက်နွှယ်၍၊ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသည့် လှေကားဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်သို့ လှည့်ပြန်လာသောအခါတိုင်း လှေကားဖြစ်သည့် ခရစ်တော်သည် ဘုရားသခင်ကို ကျွန်ုပ်တို့ထံ၊ ကျွန်ုပ်တို့ကို ဘုရားသခင်ထံ ခေါ်ဆောင်ပေးခြင်းကို တွေ့ကြုံခံစားရလေသည်။

3. ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော်၏ ရလဒ်မှာ ဘုရားသခင်၏တည်ဆောက်ခြင်း - ဗေသလ၊ အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်- ဖြစ်ပြီး၊ ဤလှေကား၏ ပြီးမြောက်ပြည့်စုံခြင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။

C. "သခင်ဘုရား၏ ပြန်ကြွလာခြင်းသည် ကိုယ်တော်ကို ရှာဖွေသူများ၏ တည်ကြည်ခိုင်မြဲသော တည်ဆောက်ခြင်းကို လိုအပ်နေသည်။ ဤတည်ဆောက်ခြင်းသည် ကိုယ်တော်က မြေကြီးကို ရယူရန် ခြေနင်းကျောက်၊ ကမ်းခြေတပ် ဖြစ်လိမ့်မည်ဖြစ်ကာ၊ ဘုရားသခင်နှင့် လူနှစ်ဦးလုံးအတွက် အပြန်အလှန် ကိန်းဝပ်ရာဖြစ်လိမ့်မည်။ ၎င်းသည် ဘုရားဇာတိဖြင့် လူသားဇာတိနှင့် လူသားဇာတိဖြင့် ဘုရားဇာတိ အစဉ်အမြဲ ရောနှောပေါင်းစည်းခြင်း ဖြစ်လိမ့်မည်။ ဤတည်ဆောက်ခြင်းသည် ယာကုပ်၏အိပ်မက် အဆုံးစွန် ပြီးပြည့်စုံခြင်းဖြစ်ရုံသာမက၊ ဘုရားသခင်၏ထာဝရ စီမံချက် ပြည့်စုံခြင်းလည်းဖြစ်လိမ့်မည်။ ၎င်းသည် အချိန်၏တံတားကို အဆုံးသတ်ပြီး၊ အနာဂတ်၌ ကောင်းချီးခံရသော ထာဝရကာလကို ယူဆောင်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုတည်ဆောက်ခြင်းအတွက် ဖြစ်ကြရမည်၊ ကျွန်ုပ်တို့သည် ထိုတည်ဆောက်ခြင်း ဖြစ်ကြရမည်ဖြစ်သည်" (*Life-study of John,* 2nd ed., p. 65).

*© 2024 Living Stream Ministry*